


ဘယ်ဘက်မှာ ဖော်ပြထားတဲ့ Pagemodo က ရှုပ်ထွေးမှုမရှိတဲ့ အခမဲ့ third-party app ဖြစ်ပါတယ်။ သူက facebook page တွေကို အောက်မှာဖော်ပြထားသလို ဖန်တီးပေးနိုင်ပါတယ်

# လုပ်ငန်းအတွက် facebook page ဖန်တီးခြင်း

**Social network ပေါ်မှာ ကိုယ့်လုပ်ငန်းအတွက် page တစ်ခုရှိထားတာက customer တွေနဲ့ ချက်ချင်းနဲ့ မြန်မြန်ဆန်ဆန် ထိတွေ့နိုင်ပါတယ်။**

Facebook page က ကိုယ့်လုပ်ငန်းကို စိတ်ဝင်စားသူ ဘယ်သူကိုမဆို တိုက်ရိုက်ထိတွေ့ခွင့်ပေးထားတာ ဖြစ်ပါတယ်။ Website တစ်ခုကိုသွားပြီး အချက်အလက်ရှာဖွေဖို့ ခက်ခဲနေသူတွေအတွက် facebook page က ပိုမိုလွယ်ကူစေမှာ ဖြစ်ပါတယ်။ Custom page တစ်ခုကို အခမဲ့ တည်ဆောက်နိုင်ပြီး content တွေ၊ promotion တွေ share လုပ်နိုင်တဲ့အပြင် online shopping တစ်ခုလို လုပ်ဆောင်နိုင်ပါတယ်။

Facebook fan page တစ်ခု စလုပ်ခင်မှာ facebook profile တစ်ခု အရင်ရှိထားရမှာ ဖြစ်ပါတယ်။ Profile ကနေ fan page တစ်ခုကို တည်ဆောက်ရမှာဖြစ်ပြီး fan page ရဲ့ creator အနေနဲ့ ရပ်တည်နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် facebook business page အတွက် သီးခြား log-in လုပ်ရမှာမဟုတ်ဘဲ profile account ကတစ်ဆင့်သွားရမှာ ဖြစ်ပါတယ်။

တကယ်လို့ ကိုယ့် facebook page အတွက် update တွေလုပ်မှာ မဟုတ်ရင် အဲဒီ page အတွက် admin တွေကို ရွေးချယ်ခန့်အပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဖို့ Manage Admin ရဲ့ အောက်က Edit Page မှာ လိုအပ်တဲ့ အချက်အလက်တွေ ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ Admin တွေကတော့ ကိုယ့် facebook friend list ကနေ ခန့်အပ်နိုင်သလို၊ သူတို့ရဲ့ email တွေကတစ်ဆင့်လည်း အကြောင်းကြား ခန့်အပ်နိုင်ပါတယ်။

သတိထားရမယ့် အချက်တစ်ခုက Admin အခွင့်အရေးကိုရပြီဆိုရင် တခြားသော admin တွေကို ဖြုတ်ချနိုင်သလို ဒီ page ရဲ့ creator ကိုပါ ဖြုတ်ချနိုင်ခွင့်ရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် admin ခန့်မယ်ဆိုရင် လုံးဝယုံကြည်စိတ်ချရသူကိုပဲ ရွေးချယ်ဖို့ လိုအပ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက် (ဥပမာ– developer လိုမျိုး) ကို ခေတ္တခဏခေါ်နိုင်းတယ်ဆိုရင်လည်း သူအလုပ်ပြီးတာနဲ့ admin အဖြစ်ကနေ ပြန်ဖယ်ထုတ်ဖို့ မမေ့ပါနဲ့။

## Third-party app သုံးပြီး facebook page ဖန်တီးခြင်း

Facebook profile page က pages ဆိုတဲ့ header ကို click နှိပ်ပါ။ Create a page button ကတစ်ဆင့် ကိုယ်ပြုလုပ်လိုတဲ့ page အမျိုးအစား၊ ဥပမာ– local business ၊ place ၊ brand ၊ product စတာတွေက သင့်တော်ရာတစ်ခုကို ရွေးပါ။ ပြီးရင် business category ၊ name ၊ address နဲ့ တခြား လိုအပ်တဲ့အချက်အလက်တွေကို ဖြည့်ပါ။

Get started button ကိုနှိပ်ပြီးတာနဲ့ ကျန်ရှိနေတဲ့ setup process တွေကို facebook က လမ်းညွှန်ပေးပါတယ်။ တကယ်လို့ step တစ်ခုခုကို ကျော်လိုက်ပြီးနောက်မှလည်း ပြန်ဖြည့်နိုင်ပါတယ်။ Admin တွေသာ မြင်ရတဲ့ facebook welcome section မှာ လိုအပ်တဲ့အချက်အလက်တွေ ဖြည့်ရန် ပြနေမှာ ဖြစ်ပါတယ်။

Facebook custom page လုပ်ဖို့လည်း page mode လိုပဲ third-party application တွေလည်း ရှိပါတယ်။ ယင်းတို့ကို အလွယ်တကူ သုံးနိုင်တဲ့အတွက် HTML အကြောင်းကိုလည်း သိရန်မလို။ Web server လည်း ရှိဖို့မလိုဘဲ ချက်ချင်း စသုံးနိုင်ပြီဖြစ်ပါတယ်။

ရိုးရှင်းတဲ့ WYSIWYG editor ကို အသုံးပြုထားတဲ့ *(pagemodo.com)* ဟာ ကိုယ်နှစ်သက်တဲ့ layout ၊ edit section တွေကို click နှိပ်တာနဲ့ အလွယ်တကူ ဖြည့်နိုင်ပါတယ်။ Content တွေကိုလည်း ယင်းနည်းနဲ့ အလွယ်တကူ ထည့်နိုင်ပါတယ်။ Font ပြောင်းတာ၊ အရောင်ရွေးတာ စတဲ့ ကိစ္စတွေအားလုံးကိုလည်း online မှာပဲ ဆောင်ရွက်နိုင်ပါတယ်။ Pagemodo ဟာ point-and-type interface နဲ့ အလွယ်တကူ အသုံးပြုနိုင်ပြီး basic feature တွေအားလုံးအတွက် အခမဲ့အသုံးပြုနိုင်ပါတယ်။

Pagemodo လိုမျိုး third-party application တွေဟာ သုံးစွဲရလွယ်ကူပြီး page တစ်ခုကို ချက်ချင်းဆိုသလို အမြန်တည်ဆောက်နိုင်ပါတယ်။ ဒါပေမဲ့ iframe ကို အသုံးပြုထားတဲ့ design ချရာမှာ အနည်းငယ် အခက်အခဲရှိနိုင်ပါတယ်။ တချို့ feature တွေကို အသုံးပြုဖို့အတွက်တော့ ငွေကြေးနည်းနည်းကုန်ကျမှာ ဖြစ်ပါတယ်။

## Iframe သုံးပြီး page များ တည်ဆောက်ခြင်း

iframe ကို အသုံးပြုပြီး custom page တွေလုပ်မယ်ဆိုရင် HTML အခြေခံအချက်တွေ သိဖို့လိုအပ်သလို၊ webpage တွေ ဖန်တီးတာ၊ uploading နဲ့ပတ်သက်လို့ အတွေ့အကြုံတစ်ခုရှိနေရမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ HTML ၊ PHP စတာတွေနဲ့ webpage တစ်ခုလုပ်ပြီး ကိုယ့် web server ကို တင်ထားလိုက်ပါ။ Facebook က ခွင့်ပြုထားတဲ့ အရွယ်ကတော့ 520 pixel ဖြစ်ပါတယ်။ ဒါပေမဲ့ အကောင်းဆုံးအချိုးအစားကတော့ 480 နဲ့ 500 pixel အကြား ရှိသင့်ပါတယ်။ iframe app ကိုသုံးပြီး web server ကတစ်ဆင့် facebook အပေါ်ကို ဆွဲတင်နိုင်ပါတယ်။

Facebook ကို import လုပ်မယ့် webpage လုပ်ပြီးပြီဆိုရင် facebook ရဲ့ subsection တစ်ခုဖြစ်တဲ့ facebook Developer site က iframe app ကိုရယူထားဖို့ လိုအပ်ပါတယ်။ ထိပ်ပိုင်းတွင်ရှိနေတဲ့ navigator bar က apps ကို click နှိပ်ပြီး create new app ကို ရွေးပါ။ App အသစ်ရဲ့ basic settings page မှာ ကိုယ့် email address ကို ဖြည့်ပေးရမှာ ဖြစ်ပြီး application ID နဲ့ application secret ID တို့ကိုလည်း သတ်မှတ် ပေးရမှာ ဖြစ်ပါတယ်။

Page အတွက် custom icon တစ်ခုထည့်ဖို့ လက်ဝဲဘက်ခြမ်း မှာရှိတဲ့ navigation bar မှ editi con ကို နှိပ်ပါ။ အဲဒါက facebook page အမည်ရဲ့ ဘေးကပ်လျက်မှာ ရှိပါတယ်။ Basic info section မှာရှိတဲ့ developer's area အတွင်းမှာ app display name field ကို ကိုယ့် custom page အမည်ဖြည့်ပါ။ ပြီးရင် edit page area မှာ custom page နာမည်ကို ထပ်ဖြည့်ပါ။ မကြိုက်ရင်၊ ဒါမှမဟုတ် ပြောင်းလိုရင် နောက်မှ ထပ်ပြောင်းနိုင်ပါတယ်။

Facebook section က app ကို click နှိပ်ပြီး mandatory canvas URL field ကို ကိုယ့် page ထားတဲ့ URL ကို page အမည်မပါပဲ ထည့်ပါ။ ဥပမာ– *(http:// yourdomain.com/facebook/)* အောက်ခြေနားမှာရှိတဲ့ section မှာ page tab ကိုရှာပြီး ကိုယ့် page tab name ပေးပါ။ Page tab URL အနေနဲ့ ကိုယ့် page ရှိတဲ့ URL အပြည့်အစုံကို ရိုက်ထည့်ပါ။ Save လုပ်ပါ။ လက်ဝဲဘက်အခြမ်းမှာရှိတဲ့ related links အောက်က view app profile ကို click နှိပ်ပါ။ ပြီးရင် add to my page ကို နှိပ်ပါ။

Facebook page ကိုသွားပါ။ လက်ယာဘက်အပေါ်နားမှာရှိနေတဲ့ edit page button ကို နှိပ်ပါ။ လက်ဝဲဘက်အခြမ်းမှာရှိနေတဲ့ links အထဲက ကိုယ်ပြုလုပ်လိုက်တဲ့ app ကိုရှာပါ။ Edit settings ကိုသုံးပြီး ကိုယ့် page အတွက် tab တစ်ခုထည့်ပါ။ Edit settings ကို ဒုတိယအကြိမ် ထပ်ရွေးပြီး tab ကို အမည်ပြောင်းပါ။ ■

# NETWORK

## Mango ကို အားသာစေတဲ့အချက် ၅ ချက်

Apple iPhone 4S ကို လူတကာစိတ်ဝင်စားနေကြတာက ပြိုင်ဘက်တွေကို အလွယ်တကူအနိုင်ရစေပါတယ်။ ဒါပေမဲ့ Microsoft ကတော့ လက်ရှိ Windows Phone 7 သုံးစွဲသူတွေအတွက် Mango ကို update တွေ ပြုလုပ်ခဲ့ပါတယ်။ လေ့လာသူတွေက ဒီနှစ်ကုန်ပိုင်းလောက်မှာ Windows Phone 7.5 ဆိုင်တွေပေါ်ရောက်လာနိုင်တယ်လို့ ခန့်မှန်းပြောဆိုကြပါတယ်။ ဒါပေမဲ့ အခုအချိန်ထိတော့ ရောက်မလာသေးပါဘူး။ iPhone 4S ၊ ဒါမှမဟုတ် Android ပစ္စည်းတွေကို မဝယ်မီ Microsoft ရဲ့ Mango နဲ့ နှိုင်းယှဉ်တာတွေပြုလုပ်နိုင်အောင် Mango ရဲ့ feature ၅ ခုကို အောက်ပါအတိုင်း တင်ဆက်လိုက်ပါတယ်။

### ❶ Office Hub

တခြား mobile device တွေကို အသုံးပြုနေပါက Microsoft Word document ၊ ဒါမှမဟုတ် online ပေါ်မှာသိမ်းထားတဲ့ document တွေ ဖတ်နိုင်ဖို့ရာ application တချို့ကို install လုပ်ရမှာ ဖြစ်ပါတယ်။ Mango Office Hub နဲ့ဆိုရင်တော့ Office Mobile Application တွေ ဖြစ်ကြတဲ့ World ၊ Excel ၊ Power-point ၊ One Note စတာတွေကို အသုံးပြုနိုင်တဲ့အပြင် Microsoft SkyDrive တို့ Share Point Server တို့မှာ သိမ်းထားတဲ့ file တွေကို လည်း အလွယ်တကူဖတ်နိုင်ပြီဖြစ်ပါတယ်။



### ❷ People Hub

People Hub ကတော့ ကိုယ့် contact ထဲမှာရှိသူတွေနဲ့ အလွယ်တကူ ဆက်သွယ်နိုင်မှာ ဖြစ်ပါ

တယ်။ Facebook ၊ LinkedIn ၊ Twitter စတဲ့ account တွေအားလုံးကို တစ်နေရာထဲကနေ follow လုပ်နိုင်ပြီး What's New ဆိုတဲ့ tab မှာ စုပေါင်းဖော်ပြပေးထားမှာ ဖြစ်ပါတယ်။ Contact တစ်ခု ကိုခေါ်လိုက်တာနဲ့ နောက်ဆုံးဖြစ်ပေါ်နေတဲ့ update တွေ၊ shared လုပ်ထားတဲ့ ဓာတ်ပုံတွေ၊ ဆက်သွယ်ပြောဆိုထားတဲ့ communicate တွေအားလုံးကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ Profile tab အောက်ကတစ်ဆင့် contact ထဲမှာရှိနေသူတွေကို phone ခေါ်တာ၊ test message ပို့တာ၊ email ပို့တာ၊ facebook နဲ့ တခြား social network တွေကတစ်ဆင့် ဆက်သွယ်တာ စတာတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ယင်းပုဂ္ဂိုလ်ရောက်ရှိနေတဲ့နေရာက မြေပုံကို ပြပေးနိုင်တဲ့အပြင် မိမိရှိနေတဲ့နေရာက ဘယ်လိုသွားရမယ်ဆိုတာကိုပါ လမ်းညွှန်ပြသပေးနိုင်ပါတယ်။

## ❸ Me Tile

Me Tile ဟာ People Hub လိုပဲ အလုပ်လုပ်ပေမယ့်လည်း အဓိကဦးတည်တာကတော့ ကိုယ့်ကိုပဲ ဖြစ်ပါတယ်။ Me Tile ရဲ့ profile tab မှာ message တစ်ခု post လုပ်လိုက်တာနဲ့ social network များစွာကို check box တွေနဲ့ တစ်ခါတည်းပို့နိုင်တယ်။ ဒါ့ပြင် Profile tab က တစ်ဆင့် chat status တွေ ပြင်ဆင်တာ၊ Location တွေ check-in လုပ်တာတွေကိုပါ ဆောင်ရွက်နိုင်တယ်။ Notification tab ကတစ်ဆင့်လည်း Likes ၊ comments ၊ message တွေနဲ့ တခြား social network တွေက ကိုယ့်အချက်အလက်တွေကို မြင်နေရမှာ ဖြစ်ပါတယ်။ What's New tab က ကိုယ်နောက်ဆုံးတင်ထားလိုက်တဲ့ post တွေ၊ status update တွေလောက်ကိုပဲ တွေ့ရမှာ ဖြစ်ပါတယ်။

## ❹ Message Threats

Mango ဟာ စိတ်ကြိုက်ရွေးချယ်တဲ့ပစ္စည်း၊ ဒါမှမဟုတ် platform နဲ့ ဆက်သွယ်တာကို အလုပ်ဖြစ်စေမှာ ဖြစ်ပါတယ်။ Threat ရဲ့ feature တွေက text messaging လုပ်လိုက်တာနဲ့ ယင်းတို့ကို facebook ၊ ဒါမှမဟုတ် Windows Live IM မှာသုံးသလို ဖြစ်အောင် စီစဉ်ပေးထားပါတယ်။

## ❺ Voice commands

Voice command တွေနဲ့ Mango ကိုသုံးပြီး အသံနဲ့စေခိုင်းမှုတွေဟာ ချီးကျူးထိုက်ပါတယ်။ Mango smartphone က Windows Logo Start button ကို ဖိထားလိုက်ပါ၊ ဒါမှမဟုတ် Bluetooth earpiece ရဲ့ button ကို ဖိထားလိုက်ပါ။ အသံနဲ့ ခိုင်းစေမှုတစ်ခုအနေနဲ့ phone ခေါ်ဆိုမှုတစ်ခု၊ text message ပို့ဖို့ပြင်ဆင်တာ၊ application တစ်ခုဖွင့်တာ စတာတွေကို လုပ်နိုင်မှာ ဖြစ်ပါတယ်။ Web search တွေကိုလည်း အသံနဲ့ရှာနိုင်ပါတယ်။ ■

# TECH AUDIT

## လုပ်ငန်းအတွက် telecommuting က လုပ်ပေးနိုင်တာ ၇ မျိုး



စီးပွားရေးလုပ်ငန်းတွေ များပြားတိုးချဲ့လာတာနဲ့အမျှ အဝေးကနေ အလုပ်လုပ်ပေးနိုင်မယ့်ဝန်ထမ်းတွေ ပိုလိုအပ်လာပါတယ်။ Internet ကနေ ဝန်ဆောင်မှုပေးနိုင်တာတွေကစလို့ Remote PC နဲ့ ကူညီတာ network management လုပ်တာ စတာတွေရဲ့ အထောက်အပံ့တွေလည်း လိုအပ်လာပါတယ်။ Telecommuting နဲ့ပတ်သက်လို့ စီးပွားရေးလုပ်ငန်းတွေအတွက် အဆင်ပြေမယ့်နည်းလမ်း ၇ သွယ်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

### ❶ အလုပ်သမားတွေ ထုတ်လုပ်မှုပိုကောင်းလာပါတယ်

တချို့ဝန်ထမ်းတွေက အိမ်မှာအလုပ်လုပ်တာ သူတို့အတွက် ပိုထိ

ရောက်ပါတယ်။ ရုံးကိုအသွားအပြန် အချိန်တွေသက်သာစေရုံသာမက ရုံးမှာ အခြားမိတ်ဆွေဝန်ထမ်းတွေရဲ့ နှောင့်ယှက်တာတွေက ကင်းဝေးနေတာကြောင့် ဖြစ်ပါတယ်။ ဒီလိုဝန်ထမ်းတွေကို ကိုင်တွယ်တဲ့နေရာမှာ အလုပ်ချိန်ကို အဓိကမထားဘဲ အလုပ်ပြီးမြောက်မှုကိုသာ ရည်ရွယ်သင့်ပါတယ်။

## ❷ ဝန်ထမ်းတွေနဲ့ နေရာကို ပူရန်မလို တွေ့နိုင်ခြင်း

Telecommuting နဲ့ အလုပ်လုပ်ဖို့ဆိုတာ remote control လုပ်ရတဲ့ internet connection တွေဖြစ်တဲ့ LogMe In ၊ GoToMyPC ၊ Splashtop Remote Desktop စတာ collaboration လုပ်နိုင်တဲ့ Google apps ၊ Mcrosoft Office 365 စတာတွေအပြင် video conferencing လုပ်ရတဲ့ Cisco WebEx meeting center ၊ Citrix GoToMeeting ၊ Google+ Hangouts'free ၊ multiperson chat စတာတွေကို အသုံးပြုဖို့ လိုအပ်ပါတယ်။

## ❸ ရုံးခန်းအကျယ်နဲ့ ကုန်ကျစရိတ်ကို ပူစရာမလိုပါ

ကိုယ့်ရုံးခန်းအကျယ်ဘယ်လောက်ရှိရမလဲ။ ကုန်ကျစရိတ်တွေ ဘယ်လောက်ရှိမလဲ စသဖြင့် တွေးပူနေစရာမလိုတော့ပါဘူး။ ဒီစရိတ်တွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒီစရိတ်တွေအပြင် ရုံးအတွက်ကုန်ကျမယ့် စရိတ်တွေဖြစ်တဲ့ internet အသုံးပြုခ၊ telephone အသုံးပြုခတွေပါ သက်သာစေမှာ ဖြစ်ပါတယ်။

## ❹ IT management အတွက် အချိန်နဲ့ ကုန်ကျစရိတ်လည်း သက်သာစေတယ်

ဝန်ထမ်းတွေ အခုလို အဝေးကနေအလုပ်လုပ်တဲ့အခါမှာ သူတို့ကိုယ်ပိုင် PC ကတစ်ဆင့် သက်ဆိုင်ရာ connection အသီးသီးယူကြတဲ့အတွက် ကိုယ့်အတွက် စိတ်ပူစရာ၊ စီစဉ်ပေးစရာမလိုဆိုပေမယ့် အနည်းဆုံးတော့ antivirus ၊ collaboration ၊ remote access နဲ့ တခြားလိုအပ်မယ့် software တွေတော့ ဖြည့်ဆည်းပေးထားဖို့ လိုအပ်ပါတယ်။ အနည်းဆုံးတော့ စံတစ်ခုသတ်မှတ်ပြီး compliance-checking software တွေသုံးပြီး ကိုယ့် network ထဲကို virus မပါတဲ့ device တွေပဲ ချိတ်ဆက်ဖြစ်အောင်စီမံရမှာ ဖြစ်ပါတယ်။

## ❺ Distributed ၊ cloud-based IT solution တွေကို သုံးပါ

ဝန်ထမ်းတွေက နေရာတော်တော်များများကို ပျံ့ကျဲရောက်ရှိနေတယ်ဆိုပါက မိမိကိုယ်ပိုင် server သုံးမယ့်အစား cloud application တွေကိုသုံးရတာ ပိုစိတ်ချရပါတယ်။ ဘာလို့လဲဆိုတော့ cloud နဲ့ ပတ်သက်လို့ဝန်ဆောင်မှုပေးနေတဲ့ကုမ္ပဏီတွေဟာ data center တွေနဲ့ ချိတ်ဆက်ထားပြီး connection ပိုင်းမှာလည်း ပိုစိတ်ချရပါတယ်။

## ❻ ပိုကောင်းတဲ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေပါတယ်

Telecommuting စနစ်ကိုသုံးလိုက်တဲ့အတွက် ကိုယ့်ကုမ္ပဏီဘက်ကိုရော၊ ဝန်ထမ်းတွေကိုပါ အရင်ကထက် ပိုပြီး flexible ဖြစ်လာစေတဲ့အပြင် project လုပ်တဲ့အခါမှာလည်း ထိရောက်မှု ပိုရှိလာတာ တွေ့ရပါတယ်။

## ❼ ဝန်ထမ်းတွေအတွက်လည်း ကုန်ကျစရိတ်သက်သာစေတယ်

ကိုယ့်အလုပ်က ဈေးကြီးတဲ့မြို့လယ်လိုနေရာမှာရှိတယ်ဆိုရင် telecommuting နဲ့ အလုပ်လုပ်တဲ့ဝန်ထမ်းတွေက ယင်းတို့ရဲ့ ကုန်ကျစရိတ်ကို များများလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေဟာ ဈေးနှုန်းသက်သာတဲ့နေရာတွေမှာ နေထိုင်ပြီး internet connection ကောင်းကောင်းသာရမယ်ဆိုရင် လစာနည်းနည်းနဲ့ အဝေးကနေ အလုပ်လုပ်ဖို့ဝန်မလေးပါဘူး။ Telecommuting နဲ့ အလုပ်လုပ်လို့ရလာတဲ့ အဆင်ပြေမှုတွေကြောင့် လုပ်ခလစာများများမရဘဲ အဆင်ပြေပါတယ်။ ဒါကြောင့် independent contractor လိုမျိုးဝန်ထမ်းတွေကို ရှာခန့်နိုင်တယ်ဆိုရင် ကိုယ့်အတွက် လုပ်ခလစာပေးရတာတွေလည်း သက်သာစေမှာ ဖြစ်ပါတယ်။ ■

ကောင်းမြတ်ထွဋ်

Local News

# Dell ၊ Intel နဲ့ CTT ကုမ္ပဏီတို့ ပူးပေါင်းတင်ဆက်တဲ့ My First Virualization Seminar

မတ်လ ၁၆ ရက်က Intel ၊ Dell နဲ့ CTT တို့ ပူးပေါင်းပြီး virtualization နည်းပညာ၊ Dell ရဲ့ Force10 switching နဲ့ routing system တွေကို မိတ်ဆက်တဲ့ဟောပြောပွဲကို Traders Hotel မှာ ကျင်းပခဲ့ပါတယ်။

Dell ကုမ္ပဏီအကြောင်းကို regional director Ms. Khun Lerluk Kunlasutti က ပြောကြားခဲ့ပြီး enterprise solution specilist Mr.Kun Nopparat Tangseng က Intel Technology Updates ခေါင်းစဉ်နဲ့ Intel နည်းပညာနဲ့ virtualization အကြောင်း၊ စသဖြင့် ဟောပြောခဲ့ကြပြီး Dell ရဲ့ Force10 switch တွေဖြစ်တဲ့ Force10 Z, E, C နဲ့ S series 10/40 Gigabit switch တွေ၊ data center တွေအကြောင်းကိုလည်း ဟောပြောခဲ့ပါတယ်။ Dell ရဲ့ switch တွေဟာ open platform ဖြစ်လို့ အသုံးပြုတဲ့သူတွေကနေ တခြားထုတ်လုပ်သူတွေရဲ့ သင့်တော်တဲ့ brand ၊ သင့်တော်တဲ့ model တွေကို ရွေးချယ်သုံးစွဲနိုင်အောင် လုပ်ပေးထားကြောင်း၊ upgrade လုပ်ရာမှာနဲ့ လိုအပ်တဲ့ hardware တွေ လိုတိုးပိုလျှော့လုပ်ရာမှာ အဆင်ပြေကြောင်း၊ Force10 ပစ္စည်းတွေဟာ virtualization နည်းပညာနဲ့ တွဲဖက်သုံးစွဲပြီး user တွေအတွက် လျှပ်စစ်ဓာတ်အားချွေတာအောင် လုပ်ဆောင်ပေးနိုင်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း- ၂၉၆၅၀၈ ၊ ၂၀၀၇၁၀ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■